
BURMESE
CLASSIC
ကိုပိုက်
မထူးဆန်းသော ဝတ်ရုံလွှာ

မထူးဆန်းသော ဝတ်ရုံလွှာ

ကိုပိုက်

*

မွေးမေ

မွေးဖေ

ပြီးတော့

သင်ဆရာ၊ မြင်ဆရာ၊

ကြားဆရာ ဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာစုဖြင့်

ဂါရဝပြုပါသည်။

ကိုပိုက်

(၂၀၀၃)

"လဟာမငယ်" ရွာကလေးသည် တိတ်ဆိတ်လို့နေ၏။ ရွာလမ်းမပေါ်တွင် လူပ်ရှား သွားလာနေသည် ဆို၍ ခွေးနှစ်ကောင်သာ ရှိ၏။ လသာည ဖြစ်သည်ကြောင့် ထိုခွေးနှစ်ကောင်၏ လူပ်ရှားသွားလာခြင်းကို တွေ့နေရ ခြင်း ဖြစ်၏၊

အချိန်ကား ညဉ့်နက်သန်းခေါင်ယံကျော် ဖြစ်သည်။ တစ်ချက်တစ်ချက် ခွေးနှစ်ကောင်သည် ရွာသုသာန်ဘက်သို့ မျက်နှာမူကာ "အူ" ကြသည်မှ လွဲ၍ တိတ်ဆိတ်နေတော့၏။

ရွာထိပ်က ကုက္ကိုပင်ကြီးမှ ငှက်ဆိုးတစ်ကောင်သည် ကိုင်းခြောက်တစ်ခု တွင် နားနေရာမှ ရုတ်ခြည်း ဆတ်ခနဲ ထပျံသွားသဖြင့် သစ်ကိုင်းခြောက် ကျိုးကျသည်တွင်... ထိုအပင်အောက်ရှိ ခွေးတစ်ကောင်သည် လန့်ဖျပ်သွား ကာ ထွက်ပြေးသွားတော့၏။

အတော်လှမ်းလှမ်း ရောက်လေမှ ရပ်တန့်လိုက်ပြီး ထိုအပင်အောက်သို့ ပြန်လှည့်ကြည့်ကာ "ဝူး" ရယ်လို့ အသံရှည်ရှည် အူလိုက်လေသည်။

ထိုခွေးက သို့ "အူ"လိုက်သည်တွင် ကျန်ခွေးတစ်ကောင် သည်လည်း လိုက် "အူ" လေတော့၏။

တစ်ခဏ အကြာတွင် ထိန်ထိန်သာနေသော "လ" ကြီးကို ရွှေ့လျားနေ သော တိမ်ထုတစ်ခုက ဖုံးလွှမ်း သွားသည်ကြောင့် "လဟာမငယ်" ရွာ ကလေးသည် မှောင်ကျသွားရတော့၏။

ထိုစဉ်မှာပင် သုသာန်ဘက်မှ ကြွေးစည်သံလေး ထွက်ပေါ်လာသည် ကြောင့် တစ်ရေး နိုးလာသည်တွင် အိပ်ရာထက်၌ပင် ငြိမ်သက်စွာ လဲလျောင်းနေသော ဦးဖိုးမောင်သည် ကြက်သီးမွေးညင်း ထသွားတော့၏။ သူ့အိမ်နှင့် သုသာန်သည် ဝေးလှသည် မဟုတ်။ လှမ်းကဲကြည့် လိုက်၏။ မှောင်မိုက်နေသည်ကြောင့် ဘာမျှ မမြင်ရချေ။

ဘယ့်တွက် ဉဉ့်နက် သန်းခေါင်ယံကျော်တွင် သုသာန်ဘက်မှ ကြွေးစည် သံ ကြားရပါသနည်း။

သူစဉ်းစားမရ။ ဤအချိန်အခါတွင် မည်သည့်အသုဘမျှ လာချကြ

လိမ့်မည် မဟုတ်။

"အူ ဝူး"

"အူ ဝူး"

ထိုကြွေးစည်သံကြောင့် ရွာလမ်းပေါ်ရှိ ခွေးနှစ်ကောင်သည် ထ "အူ" လိုက်ကြပြန်၏။

"တောက် ဒီခွေးတွေကွာ" ဆိုပြီး ဦးဖိုးမောင်သည် အိပ်နေရာမှ လူးလဲထကာ တဲပြင်ပသို့ ထွက်၍ ခဲလုံးကို ရှာယူလိုက်ပြီး ပစ်ပေါက်လိုက်သည်။

"ကိန်.." "ကိန်"

"ကိန်"

သို့နှယ်အော်ကာ ထွက်ပြေးသွားကြတော့၏။ အဝေး ရောက်လေမှ သူ့ဘက် ပြန်လှည့်ကာ ဟောင်နေလေတော့၏။

"ဝုတ်" "ဝုတ်"

"ဝုတ်" "ဝုတ်"

တဖြည်းဖြည်း "လ"ကို ဖုံးကွယ်နေသော တိမ်တိုက်သည် လွင့်ပြယ်သွားသည်ကြောင့် အလင်းရောင် ပေါ်ထွက်လာတော့၏။

ဦးဖိုးမောင်သည် သုသာန်ဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

သုသာန်ဝမှ လူတစ်ယောက် ရွာပြင်သို့ ဖြည်းလေးသော ခြေလှမ်းများဖြင့် လှမ်းထွက်သွားသည်ကို မြင်လိုက်ရသည်။

သူအံ့ဩသွားရသည်။

ထိုသူသည် ဤရွာသား မဟုတ်မှန်း သူသိ၏။ ဤရွာသား ဆိုပါလျှင် ရွာ

တွင်း ဝင်လာရမည် မဟုတ်ပါကလား။

သူ စိတ်ဝင်စားသွားသည်။

ဦးဖိုးမောင်သည် ကြောက်တတ်သူ မဟုတ်။ သို့ကြောင့် သူသည် အိမ်တွင်းမှ ဝါးခုတ်မားမရှည်ကို ပြန်ဝင်ယူပြီး လက်မှ ကျစ်ကျစ်ပါအောင် ကိုင်ကာ ထိုသူနောက်သို့ လိုက်သွားတော့၏။ သို့လိုက်သွားရင်း သုသာန်ရှေ့ရောက်သည်တွင် လှည့်ကြည့်လိုက်သည်။

မည်သည့် ထူးခြားချက်မျှ မရှိချေ။

သို့ကြောင့် သူသည် ထိုသူနောက်သို့ သတ်လိုက်သွားတော့၏။ ထိုသူအနားသို့ ရောက်သွားသည်တွင်-

"ဟိတ်လူ"

"ဟိတ်လူ"

သို့နှယ် လှမ်းခေါ်ရင်း စေ့စပ်သေချာစွာ ကြည့်လိုက်၏။ ကြေးစည်လေးကို ကိုင်ကာ လေးလေးမှန်မှန် လျှောက်သွားနေခြင်း ဖြစ်၏။

သူလှမ်းခေါ်သည်ကို မကြားသည်လား၊ မကြားယောင် ဆောင်နေသည်လား မသိ။

သစ်ပင်ရိပ်များ ထိုးနေခြင်းကြောင့် သဲကွဲစွာ မမြင်ရ။ သို့ကြောင့် သူသည် ထိုလူ့ပခုံးကို နောက်မှပုတ်ကာ "ဟိတ်လူ" ဟု ခေါ်လိုက်၏။

သည်တွင် ထိုသူသည် နောက်သို့ လှည့်ကြည့်လာလေတော့၏။

"ဟာ"

***